# ပဋိညာဉ်တရားသုံးပါးမှ ကော်သူးလေသို့

မန်းအောင်ဌေး

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

သစ္စာပြုရင် တည်ပါ။ ဘယ်သူခွဲခွဲ ဒို့မကွဲနဲ့ အမျိုးတို့

လွတ်လပ်သော ကရင်သမိုင်းသုတေသနအသင်းကို ကိုယ်စားပြုပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၂ ရက်နေ့ထိ ကျင်းပပြုလုပ်တဲ့ Karen National Conference မှာ ပါဝင်ခဲ့လို့ ကမ္ဘာအရပ်ရပ်၊ ပြည်တွင်းပြည်ပက တို့အမျိုးတွေသိဖို့ သတင်းစကားပါးလိုက်ပါတယ်။

တက်ရောက်လာတဲ့ ကိုယ်စားလှယ်များကတော့ KNU ကိုယ်စားပြု၊ ကမ္ဘာအရပ်ရပ်က နိုင်ငံကိုယ်စားပြုတက်ရောက်သူများ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားပြုသူ ၁၀၀ ကျော် တက်ရောက်ကြပါသည်။ ကိုယ်စားလှယ် များ တွင် ဥပဒေရေးရာပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ စီးပွားရေးရာ ပညာရှင်များ၊ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ ဒေါက်တာဘွဲ့ရ ပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးနှင့် မြို့ပြတည်ဆောက်ရေး ကျွမ်းကျင်သူများ တက်ရောက်ကြပါသည်။

အစီအစဉ်မှာ Karen National Consultation လို့ နဖူးစီးထားပြီး အကြံပြုချက်၊ တင်ပြချက်များသည် KNU ၏ Governance and social committee (GSC) & Governance Capacity strengthening Committee (GCSC) စနစ်တကျရေးဆွဲထားတဲ့ ကော်သူးလေအစိုးရရဲ့အုပ်ချုပ်ရေးစနစ်ကို ရုပ်လုံးဖော်ခြင်းနဲ့ အတည်ပြုနိုင်ဖို့ အကြံကောင်းများရယူနိုင်ဖို့ပါပဲ။

ကော်မတီရဲ့လမ်းညွှန်ချက်ကတော့ ကရင်အမျိုးသားတော်လှန်ရေးနဲ့အတူ မျိုးဆက်သစ်လူငယ်များ၏ စည်းလုံးညီညွတ်သော စုပေါင်းပါဝင်မှု ဖြင့် ကော်သူးလေးကို တည်ဆောက်ကြဖို့ပါပဲ။

KNU အုပ်ချုပ်ရေးနယ်မြေအကျယ်အဝန်းမှာနယ်မြေအားဖြင့် ခရိုင် (၇) ခု ပါဝင်ပြီး မြို့နယ် (၂၇) မြို့နယ်နဲ့အထူးဒေသ(၂ ) ခု ပါဝင်ပါတယ်။

အမြင့်ဆုံးအာဏာပိုင်အဖွဲ့ကတော့ ဖွဲ့စည်းပုံအရ လေးနှစ်တစ်ကြိမ်ကျင်းပတဲ့ ဗဟိုကွန်ဂရက်ဖြစ်ပြီး အရေးကြီးတဲ့ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်တယ်။

ကွန်ဂရက်လွှတ်တော်သည် ဗဟိုအမြဲတန်းကော်မတီ(CSC) (၄၅) ဦးကို လေးနှစ်တစ်ကြိမ်ရွေးချယ်ပြီး (၄) နှစ်သက်တမ်းအတွင်း နိုင်ငံရေးအစီအစဉ်များကို ရေးဆွဲနိုင်သည်။ အမြဲတန်းဗဟိုကော်မတီသည် ဖွဲ့စည်းပုံအရ (၄၅) ဦး ဖြစ်ပြီး ခရိုင် (၇) ခုမှ ခရိုင်ဥက္ကဋ္ဌများ၊ တပ်မဟာ (၇) ခုမှ တပ်မဟာမှူးများ၊ စစ်ဦးစီးချုပ်အပါအဝင် (၁၅) ဦး ဖြစ်တယ်။

ကွန်ဂရက်က ဗဟိုအမြဲတန်းကော်မတီဝင် (၄၅) ဦးကို တင်မြှောက်ပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ်၊ အတွင်းရေးမှူး(၁)နှင့်(၂) တို့ကို ရွေးကောက်တင်မြှောက်သည်။ ကြီးငါးကြီး (Big Five) အပါအဝင် ဗဟိုအဆင့်အဖွဲ့ဝင် (၆) ဦး စုစုပေါင်း (၁၁) ဖြင့် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ဖွဲ့စည်းလေသည်။

အုပ်ချုပ်မှုဆိုင်ရာအဆင့် (၄) ဆင့်မှာ -

ကျေးရွာအဆင့်

မြို့နယ်အဆင့်

ခရိုင်အဆင့်

ဗဟိုအဆင့်တို့ဖြစ်သည်။

အဆင့်ဆင့်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။

အာဏာခွဲဝေမှုတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်ရေးအာဏာတို့ ဖြစ်သည်။ တရားစီရင်မှုကို သီးခြားလွတ်လပ်စွာဆောင်ရွက်သည်။

KNU အုပ်ချုပ်ရေးအဆင့်ဆင့်မှာ ဗဟိုအဆင့်တွင် အမြဲတန်းဗဟိုကော်မတီဝင်(၄၅)ဦး၊အလုပ်အမှုဆောင်ကော်မတီဝင် (၁၁)ဦးနှင့် ဌာနဆိုင်ရာ (၁၂)ဌာန။

ခရိုင်အဆင့်တွင် ခရိုင်အလုပ်အမှုဆောင် (၇) ဦး၊ ခရိုင် အမြဲတန်းကော်မတီဝင် (၂၁)ဦး၊ ဌာနဆိုင်ရာ (၇) ဌာန။

မြို့နယ်အဆင့်အလုပ်အမှုဆောင်ကော်မတီဝင် (၇) ဦး၊ မြို့နယ်အမြဲတန်းကော်မတီဝင် (၂၁) ဦး၊ ဌာနဆိုင်ရာ (၅) ဌာနတို့ဖြစ်သည်။

ကျေးရွာကော်မတီကို ကျေးရွာလုံးကျွတ်အစည်းအဝေးကအမှုဆောင်များဖြစ်သောဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကာကွယ်ရေးမှူး၊ဘဏ္ဍာရေးမှူး၊ လူမှုရေးရာဌာနမှူး၊ စည်းရုံးရေးမှူး၊ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပမ်းဆက်သွယ်ရေးမှူးများကို ရွေးချယ်တင်မြောက်သည်။

KNU ကရင်အမျိုးသား အစည်းအရုံးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နည်းဥပဒေပြဌာန်းချက်အရ ကျေးရွာ၊ မြို့နယ်၊ခရိုင်၊ ဗဟို စတဲ့ အုပ်ချုပ်ရေးကော်မတီအဆင့်ဆင့်ကို ဒီမိုကရေစီစနစ်နဲ့ရွေးချယ်ခဲ့တာ ရာစုနှစ်ဝက်ရှိခဲ့ပြီး ဖြစ်တယ်။အစည်းအရုံးလုပ်ငန်းလူထုလုပ်ငန်းများကို ဌာနဆိုင်ရာများဖွဲ့စည်း ဆောင်ရွက်ခဲ့တာ ယနေ့ထက်တိုင် အခြေမပျက်ခဲ့သေးဘူး။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့မှာ (၇၇) ကြိမ်မြောက် ကရင်အမျိုးသားလွတ်လပ်ရေးနေ့၊၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့ မှာ (၇၅) နှစ်မြောက် ကရင့်အမျိုးသားတော်လှန်ရေးနေ့၊ ဖေဖော်ဝါရီလ(၁၁) ရက်နေ့မှာ (၇၈) နှစ်မြောက် ကရင်အမျိုးသားနေ့ကို ကျင်းပခဲ့ကြပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်တာ အစိုးရဖွဲ့ဖို့ပဲ မဟုတ်လား?

ဒို့ပြည် ဒို့ရွာ၊ဒို့အစိုးရ၊ဒို့ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် ဒို့တိုက်ခဲ့ကြတာ တတိယမျိုးဆက်တိုင်ရောက်နေပြီပဲ။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့ထိ၊ KNU က ဦးစီးကျင်းပပြုလုပ်တဲ့ ကရင်အမျိုးသားနှီးနှောဖလှယ်ပွဲ မှာ “တတိယပဋိညာဉ်တရား” တစ်ခုကို ပြဌာန်းလိုက်ပြီး (Kawthoolei Charter for Revolutionary) တော်လှန်ရေးကာလ ကော်သူးလေပဋိညာဉ်မှာ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ကော်သူးလေကို တည်ဆောက်ဖို့ ဒို့သန္နိဋ္ဌာန်ပြုခဲ့ကြပြီးဖြစ်တယ်။ ပထမပဋိညာဉ်က “ကရင်တစ်ယောက်ကိုထိရင် တစ်မျိုးသားလုံးကို ထိခိုက်တယ်လို့ မှတ်ယူရမယ်” လို့ ပဋိညာဉ်ပြုခဲ့တယ်။

လွတ်လပ်ရေးနဲ့အတူ နိုင်ငံရေးတောင်းဆိုလှုပ်ရှားမှုတွေ ပြင်းထန်မြင့်မားလာတဲ့ ကာလမှာပဲ KNU ကရင် အမျိုးသားအစည်းအရုံးကို တညီတညွတ်ထဲ ဖွဲ့စည်းခဲ့ကြပေမယ့် စောစံဖိုးသင်ကနုတ်ထွက်ပြီး စောဘဦးကြီးတို့နဲ့ လမ်းခွဲခဲ့တယ်။ လက်နက်ကိုင်တော်လှန်ရေးစတော့လည်း(ဖဆပလ) တပ်ကို ကူညီတိုက်ခိုက်ပေးခဲ့တာတွေရှိပြန် တယ်။ တော်လှန်ရေး အစကာလမှာ တစ်ဗိုလ်တစ်မင်းဝါဒနဲ့ ကိုယ့်အမျိုးကိုယ်ပြန်နှိပ်စက်ခဲ့ကြသေးတယ်။

ဒုတိယပဋိညာဉ်ကတော့ ၁၉၅၀ ပြည့်နှစ်မှာ ဥက္ကဋ္ဌကြီးစောဘဦးကြီးက “ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ ပြီးပြည့်စုံတဲ့ ကရင်ပြည် မရမချင်း လက်နက်ချစကား အလျင်းမပြောရ” ဆိုတာပါပဲ။

ကိုယ်က လက်နက် မချတော့ သူကလည်း ကိုယ့်ကို မနိုင်။ ကရင်ပြည်သူတွေ သစ္စာတရား စွဲမြဲလို့ ဒီနေ့ထိ ကရင့်တော်လှန်ရေးကြီး တည်တံ့လို့ လူမျိုးစုံပြည်သူတွေနဲ့အတူ စစ်အာဏာရှင်စနစ် မပြုတ်မချင်း ဆက်တိုက်နိုင်သေးတယ် မဟုတ်လား။

ဒါပေမဲ့ကိုယ့်ရန်သူကကောက်ကျစ်တဲ့ဉာဏ်၊လှည့်စားတဲ့ဉာဏ်သာတယ်။ ကိုယ့်အမျိုးတွေထဲက တချို့က ဉာဏ်တိမ်တယ်။ သူ့ ထောင်ချောက်ထဲဝင်ပြီး သူဖြစ်ချင်သလို ဖြစ်လိုက်ကြတော့ မိခင် (KNU) အဖွဲ့ထဲကနေ ၁။ DKBA ၂။ KNU/KNLA - PC ၃။ BGF/KNA အဖွဲ့ ၄။ KTLA သီးခြားကရင်ပြည်ထူထောင်ရေးအဖွဲ့ ၅။ NCA (National Ceasefire Agreement)စာချုပ်ဘောင်ထဲဝင်ပြီး လုပ်ကိုင်ရေးကို တိမ်းညွတ်နေတဲ့အဖွဲ့တွေဆိုပြီး ဒို့အမျိုးတွေ အစိတ်စိတ်ကွဲနေလေတော့ ရန်သူက ဝမ်းသာတာပေါ့။

အခုတော့ KNU နဲ့အတူ ပြည်တွင်းပြည်ပ မျိုးဆက်သစ်လူငယ်တွေက ဒို့တွေအချင်းချင်း ဘယ်လိုပဲ ကွဲကွဲ ဒို့ပြည်သူတွေလိုလားတဲ့ ကရင်ပြည်ကို ဒို့တည်ဆောက်ကြရမယ်။

"တိုက်ရင်းတည်ဆောက် - တည်ဆောက်ရင်းတိုက်" -"တိုက်ရင်းစည်းရုံး - စည်းရုံးရင်းတိုက်" - "တိုက်ရင်းကုန်ထုတ် - ကုန်ထုတ်ရင်းတိုက်" -"တိုက်ရင်းလေ့လာ - လေ့လာရင်းတိုက်" ဒီလိုနည်းနဲ့ ဒို့ကရင်ပြည်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရမယ်။

ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒမရှိစေရ၊ လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိရမယ်၊ကော်သူးလေနယ်မြေမှာ တရားဥပဒေစိုးမိုးစေရမယ်၊ လူသားတိုင်း လူ့အခွင့်အရေးအပြည့်အဝ ခံစားခွင့်ရ ရမယ်။ အသက်၊ အိုးအိမ်၊ စည်းစိမ်၊လယ်ယာခြံမြေပိုင်ဆိုင်မှုများကို ထိခိုက်နစ်နာအောင်မပြုရ။ မိမိတို့ကော်သူးလေအစိုးရက မိမိတို့ကော်သူးလေတွင် လူမျိုးတိုင်းတန်းတူမှုကို အပြည့်အဝ အာမခံရမယ်။

တန်းတူရည်တူရှိတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ကော်သူးလေ ဖယ်ဒရယ်ပြည်ထောင်စုကို လူမျိုးစုံတိုင်းရင်းသား အားလုံး အတူတကွတည်ဆောက်ကြပါစို့။

ပဋိညာဉ်တရားသုံးပါး

- ကရင်တစ်ယောက်ကိုထိရင် ကရင်တစ်မျိုးသားလုံးကို ထိခိုက်တယ်လို့ မှတ်ယူရမယ်
- ကိုယ့်ကြမ္မာကိုယ်ဖန်တည်းနိုင်တဲ့ ပြီးပြည့်စုံတဲ့ကရင်ပြည် မရမချင်း လက်နက်ချစကား အလျင်း မပြောရ
- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ကော်သူးလေနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရေး